# နင်လားဟဲ့ဂျပန် အပိုင်း ၁၀

● မီအိုက အိအိချော



နင်လားဟဲ့ဂျပန်ကို စောင့်မျှော်နေကြသော ပရိတ်သတ်ကြီးအတွက် သည်တစ်ပတ်မှာတော့ အလုပ်နှင့်ပတ်သက်သည့်အကြောင်းအရာများကို ကျွန်မ သိသလောက်ရေးသားဖော်ပြပေးသွားပါမည်။

ဂျပန်ရောက်ပြီး ဘဏ်ကတ်လည်းရပြီ ဖုန်းလည်း ရပြီဆိုသည်နှင့်အချိန်မဆိုင်းဘဲ အလုပ်တစ်ခုကို အမြန်ဆုံးရှာရတော့မည်ဖြစ်ပါသည်။ တချို့ကျောင်းတွေက အလုပ်ရှာပေးသည်။ ကျွန်မတက်ခဲ့သည့် ကျောင်းဆိုလျှင် အလုပ်လည်းရှာပေးသည်။ အလုပ်အင်တာဗျူးအတွက်လည်း အစစအရာရာသင်ပေးရုံသာမက အင်တာဗျူးသွားလျှင် ကျောင်းသားတွေကို နေရာအရောက်လိုက်ပို့ပေးပါသည်။ တစ်ချို့ကျောင်းတွေကတော့ အလုပ်မရှာပေးပါ။ သည်တော့ ကိုယ့်ဘာသာကိုယ်ရှာရတော့မည်ဖြစ်သည်။ သည်တော့ ဘယ်လိုရှာ



CamScanner

ရမလဲ။ ဂျပန်မှာ ရှိသည့်ဂျပန်နိုင်ငံသားနှင့်နိုင်ငံခြားသားများအတွက် အလုပ်အကိုင်ရှာဖွေရေးHello Work ကိုသွားပါ။ Hello Work ကို သွားပြီဆိုတာနှင့် ပထမဆုံး ကိုယ့်ကို သူတို့က အင်တာဗျူးမည်။ ပြီးလျှင် ကိုယ်နေသည့်နေရာနှင့်အနီးဆုံးအလုပ်ကို ရှာပေးပါလိမ့်မည်။ ပြီးလျှင် အင်တာဗျူးအတွက် တစ်ခါထဲ ဖုန်းဆက်မေးပြီး သွားရမယ့်နေ့ရက် အချိန်နှင့်နေရာကိုပါ အတိအကျ မြေပုံနှင့်တကွ စီစဉ်ပေးလိုက်ပါလိမ့်မည်။ ကျန်တာကတော့ ကိုယ့်ဘာသာကိုယ် ဆက်ပြီးကြိုးစားအားထုတ်ရမည်ဖြစ်ပါသည်။

သည်တော့ Hello Work မှာကတည်းက ကိုယ်က ဘယ်လိုအလုပ်မျိုးကိုတော့ မလုပ်ချင်ပါဟု တခါတည်းပြောရမည်ဖြစ်သလို ကိုယ်ပေးနိုင်သည့်အလုပ်ချိန်ကို ကျောင်းချိန်နှင့်ကိုက်၍ တခါတည်း စဉ်းစားသွားတာက ပိုကောင်းပါသည်။ ဟိုရောက်မှ ဖောင်ဖြည့်နိုင်းလျှင် စဉ်းစားနေရတာနှင့်က အဆင်မပြေဖြစ်တတ်သောကြောင့်လည်း ဖြစ်ပါသည်။ သည်တော့ ဘယ်လိုအလုပ်မျိုးကို ကိုယ်ရွေးချယ်မည်နည်း။ သန့်ရှင်းရေး (ဆိုးဂျိ) ပန်းကန်ဆေး (Ariba) ဖိုထဲမှာဟင်းချက်အကူ (Kitchin)စားသောက်ဆိုင်တွေမှာစားပွဲထိုး (Horu) အရောင်းဆိုင်တွေမှာ Casher (Reji) ဟိုတယ် Housekeeping (အခန်းသန့်ရှင်းရေးနှင့်အိပ်ယာခင်းစသည်) စသည့်အလုပ်တွေထဲမှာကြိုက်ရာရွေး၍ ရပါသည်။

သန့်ရှင်းရေးလုပ်မည်ဆိုပါက စိတ်ဖိစီးမှုသိပ်မရှိ။ အစပိုင်းကာစကတော့ လုပ်ပုံလုပ်နည်းသင်ယူပြီးသွားပြီဆိုပါက နောက်ပိုင်းဆက်လုပ်တတ်သွားပြီဖြစ်သည်။ ပန်းကန်ဆေး ယောကျာ်းလေးများနှင့်သာသင့်တော်ပါသည်။ စက်နှင့်ဆေးရတာဖြစ်သော်လည်း ဆိုင်မှာလူကျသည့်အချိန်မျိုးမှာ နင်းကန်စုပုံကျလာသည့်တောင်ပုံရာပုံပန်းကန်တွေကို အလျင်မှီအောင်ဆေးပြီးပြီဆိုပါက အစပိုင်းတွင် လက်မောင်းနှစ်ဖက် ပြုတ်ထွက်သွားပြီလားမှတ်ရလောက်အောင်ကို ခံစားရပါလိမ့်မည်။ နောက်ပိုင်းနေသားကျသွားလျှင်တော့ အဆင်ပြေသွားပါလိမ့်မည်။

> **ဖိုထဲမှာဟင်းချက်အကူကတော့ အကူဆိုသည့်အတိုင်း ကူပေးရပါမည်။ လှီးမည်ချွတ်မည်။ ဆေးမည်ကြောမည်။ သိမ်းမည်ဆည်းမည်။ ကြော်မည်လှော်မည်။ မိန်းကလေးများရော ယောကျာ်းလေးများ ...**

ဖိုထဲမှာဟင်းချက်အကူကတော့ အကူဆိုသည့်အတိုင်း ကူပေးရပါမည်။ လှီးမည်ချွတ်မည်။ ဆေးမည်ကြောမည်။ သိမ်းမည်ဆည်းမည်။ ကြော်မည်လှော်မည်။ မိန်းကလေးများရော ယောကျာ်းလေးများ ရောလုပ်ကြပါသည်။ နောက်တစ်ခုကတော့ စားပွဲထိုး (Izakaya, Ramanya, Coffee Shop) စသည်စသည်ဖြင့် စားသောက်ဆိုင်အမျိုးအမည်ပေါင်းများစွာရှိပါသည်။ ဧည့်သည် ဝင်လာလျှင် Irasshaimase ဟု အော်ရမည်။ ဧည့်သည်ပြန်သွားလျှင် Arigatogozaimasu ဟု အော်ရမည်။ မီနူးတွေ ကျက်ရမည်။ ဧည့်သည်မှာသည့် Order တွေ ကောက်ရမည်။ စားပွဲထိုးရမည်။ ငွေရှင်းကောင်တာအလုပ်ကိုပါ တွဲကိုင်ရင်ကိုင်ရလိမ့်မည်။ ပန်းကန်ပါဆေးလျှင်လည်း ဆေးပေးရလိမ့်မည်။ တချို့ဆိုင်တွေက ပန်းကန်ဆေးသီးသန့်ထားတတ်ကြသော်လည်း တချို့ဆိုင်တွေကတော့ မထားပါ။ ကြုံသည့်သူက အလုပ်သည့်

ကျနှင့် ကြုံသလိုဆေးကြရပါသည်။

နောက်တစ်ခုကတော့ Casher အရောင်းဆိုင်တွေမှာIrasshaimase နှင့် Arigatogozai masu ကို အလှည့်ကျရွတ်ဆိုရင်း အကြွေစေ့တွေ၊ ငွေစက္ကူတွေ ပလူပျံနေအောင် သွင်းရ၊ အမ်းရ ရေတွက်ရပါလိမ့်မည်။ ကုန်တိုက်ကြီးများဆိုလျှင်တော့ ငွေရှင်းကောင်တာမှာ ရပ်ပြီး ငွေလက်ခံပြန်အမ်း တစ်လုပ်ထဲလုပ်ရမည် ဖြစ်သော်လည်း Seven Eleven, Lawson, Family Mart လိုဆိုင်မျိုးဆိုလျှင်တော့ Casher တင်သာမက စတော့ကောက်၊ Store နှင့် ဆိုင်သန့်ရှင်းရေးစသည့်တစ်ဆိုင်လုံးအလုပ်တွေကိုပါ သိမ်းကျုံးလုပ်ရပါလိမ့်မည်။ ဟိုတယ် (Housekeep ing) သတ်မှတ်ထားသည့်အချိန်အတွင်း ဥပမာ တစ်နာရီ တစ်ခန်းအပြီးပြင်ရမည်ဆိုပါက လက်မှာ စက်တပ်ထားသလို တရစပ်လှုပ်ရှားသွားရမည် ဖြစ်သလို အခန်းရှင်းဖို့ဝင်လိုက်ပြီဆိုတာနှင့် အခန်းထဲမှာဘာမရှိဘူး၊ ဘာရှိတယ်ဆိုတာကို မျက်လုံးနှင့်ကြည့်မှတ်ပြီးလျှင် မမှားအောင်လိုသည့်ပစ္စည်းဖြည့်ထည့်၊ နောက်တစ်ခုက စက်ရုံအလုပ်ရုံတွေမှာ ပစ္စည်းထည့်ပါကင်ပိတ်ထုပ်ပိုး၊ စသည့်အလုပ်များဆိုလျှင်တော့ ပစ္စည်းထည့်ဆိုလျှင် ပစ္စည်းချည်းပဲတိုင်ထည့်နေရ၊ ပါကင်ဆိုလျှင် ပါကင်ကြီးပဲထိုင်ပိတ်နေရမည်ဖြစ်သည်။ အခြားခေါင်းစဉ်နှင့် အလုပ်အကိုင်အမျိုးအစားများ ရှိနေသေးသော်လည်း ယခုအလုပ်များကတော့ အလုပ် ရလွယ်သည့်အပြင် အလုပ်များများခေါ်ကြသည့်အလုပ်များဖြစ်ကြပါသည်။ သည်တော့အစကတည်းက ကိုယ်လုပ်နိုင်မည့်အလုပ်မျိုးကို စဉ်းစားရွေးချယ်ထားဖို့လိုပါသည်။ လစာကတော့ တစ်နာရီကို ယန်း ၈၅၀ မှစ၍ ယန်း ၁၂၅၀ လောက်အထိရှိပါသည်။ ပုံမှန်နေ့အလုပ်တွေကတော့ ယန်း ၁၂၀၀ ခန့်လောက်အထိ ပေးသောအလုပ်မျိုးများရှိတတ်သော်လည်းရှားပါသည်။ အချို့ဆိုလျှင် ယန်း ၁၅၀၀ ခန့်ရသော စားသောက်ဆိုင်

**ခန္ဓာကိုယ်၏ခံနိုင်ရည်ဝန်နှင့်အား မျှတအောင် ကိုယ့်ဘာသာကိုယ်ချိန်ညှိပြီး လုပ်နိုင်အောင် အစကတည်းက ရွေးချယ်သည့်အပိုင်းမှာ ကြိုတင်ပြင်ဆင်သင့်ကြသည် ...**

အလုပ်ကို ရသည့်သူများလည်းရှိပါသည်။

ညပိုင်းလုပ်မည်ဆိုပါက အများအားဖြင့်ကတော့ ည ၁၀ နာရီကျော်ပြီဆိုတာနှင့်ညဆိုင်းဟု သတ်မှတ်ပြီး နေ့ထက်စာလျှင် လစာပို၍ရပါသည်။ မိုးလင်းအထိလုပ်ရမည်ဖြစ်သောကြောင့် အိပ်ရေးကတော့ ပျက်ပါလိမ့်မည်။ သည်တော့ တစ်ခု ကြိုတင်စဉ်းစားဖို့လိုသည်က လစာတူတာချင်းအတူတူ စိတ်ဖိစီးမှု နည်းနည်းပိုနည်းမည့်အလုပ်မျိုးကို ရွေးချယ်သင့်သည်ဆိုသည့်အကြောင်းပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်က ကျောင်းသားဖြစ်၍ သေချာတာက ကျောင်းတက်ရမည်။ စာလုပ်ရမည်။ အလုပ်မှာဖိစီးမှုတွေများ၍ စိတ်ညစ်လျှင် စာမကျက်နိုင်။ အလုပ်မှာ ပင်ပန်းတာတွေများ၍ ကျောင်းပျက်ရက်များလျှင်ကျောင်းခေါ်ကြိမ်မပြည့်မှီပါက နောက်ပိုင်းကျောင်းလျှောက်သည့်အခါမှာ အခက်အခဲဖြစ်တတ်သည်။ သည်တော့ ကိုယ့်အလုပ်ချိန်နှင့်ကျောင်းချိန် ကိုယ့်စိတ်နှင့် ခန္ဓာကိုယ်၏ခံနိုင်ရည်ဝန်နှင့်အားမျှတအောင် ကိုယ့်ဘာသာကိုယ်ချိန်ညှိပြီး လုပ်နိုင်အောင် အစကတည်းကရွေးချယ်သည့်အပိုင်းမှာ ကြိုတင်ပြင်ဆင်သင့်ကြသည်ဟုထင်ပါသည်။ အေးဂျင့်မှတဆင့် အလုပ်လျှောက်နည်းပြီးသွားလျှင်တော့ နောက်တစ်နည်းက ဘူတာတွေမှာ လူစည်ကားရာစတိုးဆိုင်၊ကုန်တိုက်တွေမှာ အခမဲ့ရယူနိုင်သည့် Townwork စာအုပ်များထဲက ကိုယ့်နေသည့်နေရာနှင့်အလုပ်သွားအလုပ်ပြန်အဆင်ပြေမည့်နေ

ရာနှင့်ကိုယ်လုပ်နိုင်မည့်အလုပ်မျိုးကို စာအုပ်ထဲမှာ ရှာပြီး ကိုယ့်ဘာသာ ဖုန်းဆက်ပြီး အလုပ်လျှောက်ရန်ပဲ ဖြစ်ပါသည်။ တနင်္လာနေ့တိုင်း အသစ်ထွက်ပါသည်။ မြို့နယ်အလိုက် အပိုင်းခွဲပြီး ရေးထားတတ်ပါသည်။

ဒါကတော့ ကိုယ်ကိုယ်တိုင်က ဖုန်းဆက်ဖို့ ယုံကြည်ချက်ရှိရှိနှင့် ပြောနိုင်ဆိုနိုင်သူဖြစ်မှသာ ပို၍အဆင်ပြေပါသည်။ အဘယ်ကြောင့်ဆိုသော် အင်တာဗျူးနေ့ရက်၊ အချိန်နာရီနှင့်နေရာကို ဖုန်းထဲမှသာ လမ်းညွှန်တတ်ကြသောကြောင့်ဖြစ်ပါသည်။ စကားပြောရမှာ ကြောက်သည်ဆိုလျှင်တော့ E-Mail နှင့် စာအသွားအလာလုပ်၍လည်း ရပါသည်။ နည်းနည်းတော့ရေးတတ်ဖို့လိုအပ်ပါသည်။ သို့မဟုတ်လျှင်တော့ အကြောင်းပြန်လိမ့်မည်မဟုတ်ပါ။ နောက်တစ်ခုကတော့ www.parttimejob.com ဆိုပြီး ရိုက်ထည့်၍ ကိုယ်နေသည့်မြို့နယ်ကို Click လုပ်ပြီး ရှာမည်ဆိုပါက နီးနီးနားနားအလုပ်ကို ရှာ၍ ရနိုင်ပါလိမ့်မည်။

နောက်တစ်ခုကတော့ အသိမိတ်ဆွေ သူငယ်ချင်းများက မိတ်ဆက်ပေးခြင်းနှင့် ဂျပန်ရောက်မြန်မာများ အလုပ်အကိုင်ရှာဖွေရေးကို Facebook မှာရှာပြီး Like လုပ်ထားမည်ဆိုပါက တင်ထားသည့်ပို့စ်များကို မြင်နိုင်မည်ဖြစ်ပါသည်။ သည်တော့အလုပ်ရှာပြီး အင်တာဗျူးဝင်ပြီး အလုပ်ရှင်က ဘယ်အချိန်တွေ လုပ်နိုင်မည်လဲဟု မေးပြီဆိုပါတော့ ကိုယ့် Schedule ကို သေချာ ဆွဲဖို့ လိုအပ်လာပြီဖြစ်ပါသည်။ ကျောင်းသားဆိုလျှင် ဂျပန်မှာက ၂၈ နာရီပဲ တရားဝင်အလုပ်လုပ်ခွင့်ရပါသည်။ ဒါကိုတော့မဖြစ်မနေသိထားဖို့လိုအပ်လှပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းပြီးသွားချိန်မှာ ကောလိပ်တို့ တက္ကသိုလ်တို့ လျှောက်ချိန်မှာ ကိုယ့်ဘဏ်စာအုပ်ကို Copy ကူး၍တင်ရပါသည်။ အဲသည်မှာ ၂၈ နာရီ ကျော်လွန်အောင်အလုပ်တွေ လုပ်ထားတာ မြင်ပါက ပြဿနာရှိပါသည်။ သူတို့ပြောသည့် ၂၈ နာရီဆိုသည့်ဝင်ငွေနှင့်နေရအောင်ကလည်း အဆင်ပြေသည့်သူများရှိသလို အဆင်မပြေသည့်သူများလည်း ရှိကြသည်။ သည်တော့အချိန်တွေ ကျော်လုပ်မိသည်။ အချိန်တွေ ပိုပြီးကျော်လုပ်မိခြင်း၏ နောက်ဆုံးရလဒ်က ဘာလဲဆိုတော့ ဗီဇာသက်တမ်းတိုးချိန်မှာ ဂျပန်လဝကမှ အချိန်ပိုကျော်လုပ်ခြင်းကို စစ်ဆေးသိရှိပါက နိုင်ငံခြားသားကတ်ကို အပေါက်ဖောက်၍ ဗီဇာသက်တမ်း ထပ်မတိုးပေးတော့သောကြောင့် ပြည်တော်ပြန်ကြရသည့်သူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာနေသောကြောင့် သတိပြုသင့်ပါသည်။

ဂျပန်မှာက လစာပေးလျှင် ဘဏ်စာအုပ်ထဲ ထည့်ပေးသည်က များသည်။ Cash နှင့်ရှင်းပေးသည့်ဆိုင်က အင်မတန်မှရှားပါသည်။ သည်လိုဆိုင်မျိုးမှာ အလုပ်ရသည်ဆိုလျှင်တော့ ကံကောင်းပါသည်။ သို့သော် My Number တောင်းလျှင်တော့ မိမိစာရင်းထဲကို ဝင်သွားမည်ဖြစ်ပါသည်။ သည်တော့အချိန် မကျော်အောင် ဘယ်လိုနည်းနှင့်ဝင်ငွေရအောင်ရှာမည်နည်း။ ဂျပန်နိုင်ငံတွင် နွေရာသီကျောင်းပိတ်ချိန်စသည်ဖြင့် ရက်ရှည်ကျောင်းပိတ်ရက်များတွင် တစ်ပတ်တွင် နာရီ (၄၀)တရားဝင်အလုပ်လုပ်ခွင့်ရှိသလို နှစ်သစ်ကူးလိုအချိန်အခါမျိုးတွင် အချိန်ပိုဆင်းနိုင်သူများ လစာတိုးရတတ်ပါသည်။ ထိုကဲ့သို့သောအချိန်မျိုးတွင်ကြိုးကြိုးစားစားနှင့် သေသေချာချာအလုပ်လုပ်ပြီး ငွေစုနိုင်သူများ အဆင်ပြေပါလိမ့်မည်။ ထို့အပြင် တတ်နိုင်သမျှအချိန်ရှည်ပေးနိုင်သည့်အလုပ်မျိုးကို ဦးစားပေး၍ ရွေးရတာက ပိုကောင်းပါသည်။ ဆိုလိုတာက တစ်လက်စတည်း ရှစ်နာရီ အပြည့်ပေးနိုင်သောအလုပ်မျိုးကိုဆိုလိုခြင်းဖြစ်ပါသည်။ အဲသည်မှာမှ စိတ်ဖိစီးမှုနည်းလျှင်တော့ အတိုင်းထက်အလွန်ပဲ ဖြစ်ပါသည်။ သည်လိုမှမဟုတ်လျှင်တော့ဒီမှာ လေးနာရီ ဟိုမှာ လေးနာရီနှင့်လမ်းပေါ်မှာအချိန်ကုန်ပင်ပင်ပန်းပန်းနှင့်အလုပ်သုံးခုလောက်လုပ်ရပြီး လစာကျတော့ထင်

သလောက်မထွက်ဖြစ်တတ်သောကြောင့်ဖြစ်ပါသည်။

သည်တော့အလုပ်လည်းရပြီ အချိန်တွေလည်း ညှိပြီးပြီ အလုပ်ဝင်ပြီဆိုပါတော့ ဘာတွေဆောင်ပြီး ဘာတွေရှောင်ရမလည်းဆိုသည့်အပိုင်းလေးကို ကျွန်မခံစားခဲ့ရသမျှအတွေ့အကြုံလေးတွေမှ တစ်ဆင့်ဝေမျှပေးလိုပါသည်။ အားလုံး တခြားသူများခံစားရသည်နှင့်ထပ်တူထပ်မျှတူနိုင်ချင်မှ တူနိုင်မည်ဖြစ်သော်လည်း ယေဘုယျအားဖြင့်ဟုသောစကားလေးကို ကျွန်မ သုံး၍ပြောပါမည်။

ပထမအရေးကြီးဆုံးအချက်မှာ ဂျပန်လူမျိုးများ ရိုးသားခြင်းကို ကြိုက်နှစ်သက်ကြပါသည်။ သူတို့အမြဲပြောတတ်သည့်စကားက မသိဘူးဆိုလျှင် မသိသည့်အကြောင်းကို ရိုးသားစွာဝန်ခံပါ။ တကယ်မသိသည့်အရာကို သိသလိုလုပ်ခြင်းသည် တကယ်အလုပ်လုပ်ရာမှာ အန္တရာယ်များသောကြောင့် မသိလျှင်ရိုးရိုးသားသား ဝန်ခံပါ နားလည်သည်အထိ သင်ပေးပါလိမ့်မည်။ ကိုယ့်အမှားကို ရိုးရိုးသားသားဝန်ခံပြီး မှားသွားလျှင် ချက်ချင်းတောင်းပန်ပါ။ ရိုးသားစွာတောင်းပန်လိုက်ဖို့ဝန်မလေးပါနှင့်။ ကိုယ်က မှားနေမှန်းသိသိကြီးနှင့် မတောင်းပန်ပဲနေသူကို ဂျပန်လူမျိုးများ မနှစ်သက်ကြပါ။ သူငယ်ချင်းအချင်းချင်းဆိုလျှင်တော့ Gomen ne, အလုပ်ထဲမှာဆိုလျှင်တော့ ပေါ့ပေါ့ပါးပါးလေးမှားသွားလျှင် Gomennasai, နည်းနည်းပိုမှားသွားလျှင် Sumimasen, သည့်ထက်ပိုပြီးအမှားကြီးသွားလျှင် Sumimasen, Kongo Kiotsukemasu, အမှားကြီးကြီးမှားမိသွားလျှင်တော့ Moshiwakegozaimasen, အလုပ်မှာခွင့်ယူပြီး နောက်တစ်နေ့အလုပ်ပြန်ဝင်ရင်တော့ Gomiwaku wo okakeitashimashite Sumimasendeshita. ဒါကတော့ကိုယ်မလာသည့်အတွက် ကိုယ့်ကိုယ်စား တခြားသူတွေကအလုပ်တွေ ပိုလုပ်ရတော့ စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်မိပါသည်ဆိုပြီးတော့ တောင်းပန်ခြင်း။ ထို့အပြင် ကျေးဇူးတင် စကားပြောမည်ဆိုလျှင်တော့ သူငယ်ချင်းအချင်းချင်းနှင့် ကိုယ့်ထက်ငယ်သူဆိုလျှင် Arigato!, အလုပ်ထဲမှာဆိုလျှင်တော့ Arigatogozaimasu, Arigatogozaimashita (Past Tense), Domo Arigatougozaimasu, (ဒါကတော့ အရမ်းကိုကျေးဇူးတင်သည့်အခါမျိုးမှာ) Itsumo Arigatogozaimasu, (ဒါကတော့ အမြဲတမ်းကျေးဇူးတင်ပါသည်ဆိုတာမျိုးကိုပြောချင်သည့်အခါမျိုးမှာ) Tasukarimasu, Hontoni Tasukarimasita. (Past Tense) (ကူညီပေးခဲ့အဆင်ပြေသွားခဲ့ရသည့်ခံစားချက်မျိုးကိုထုတ်ဖော်ပြောကြားလိုသည့်အခါမျိုးမှာသုံးပါသည်။) စာရေးသည့်အခါမျိုးမှာတော့ Makotoni Arigatogozaimasu, (တကယ့်ကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ Kanshashite Orimasu. (ကျေးဇူးတင်ရှိပါကြောင်း၊ ပိုမိုလေးနက်သည့်ကျေးဇူးတရားကိုပါညွှန်းဆိုနိုင်သည့်အသုံးအနှုန်းမျိုးနှင့် Itsumo Arigatogozaimasu. (အမြဲတမ်းကျေးဇူးတင်နေလျက်ပါ) ဆိုသည့်အရေးအသားမျိုးတွေပဲဖြစ်ပါသည်။

နောက်တစ်ခုကတော့ အလုပ်ချိန်နောက်မကျရန်နှင့် အလုပ်ကို ကြိုးကြိုးစားစားနှင့်အားသွန်ခွန်စိုက် မငြိုမငြင်ဘဲ အလုပ်လုပ်ပြနိုင်ဖို့ပဲဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်များသည် လူကဲခတ် အင်မတန်တော်ကြပြီး အစမ်းခန့်ကာလမှာ ဘက်ပေါင်းစုံမှ ကြည့်ရှုလေ့လာစမ်းသပ်ပြီး တတ်နိုင်သမျှ မှုလီကြပ်ကြသောကြောင့်ဖြစ်ပါသည်။ ပထမဦးစွာ သူ့ရဲ့အလုပ်လုပ်နိုင်ရည်နှင့်ခံနိုင်ရည်စွမ်းအားကို အဆုံးထိရောက်အောင် အစဆွဲထုတ်လိုက်ပြီး Limit သတ်မှတ်လိုက်မည်။ ပြီးလျှင်တော့ အဲဒီ Level ကနေမကျအောင်သာ လုပ်ပေတော့။ နောက်တစ်ခုကဂျပန်မှာဘယ်နေရာပဲဖြစ်ဖြစ် ruru ဆိုသည့်လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်

**"ကျောင်းခန်းထဲတွင် ရှိနေကြပါလျက်နှင့် ပညာမသင်နိုင်ကြသည့်ကျောင်းသားများ၊ ပညာသင်ကျောင်းသားဆိုသည့်ခေါင်းစဉ် တစ်ခုအောက်မှာ တကယ်တမ်းတော့ အချိန်ပိုင်းအလုပ်သမားဘဝနှင့်အသက် ရှင်သန်နေရသည့်ကျောင်းသားများ။ နားဆင်ကြည့်ပါ ...**

စည်းမျဉ်းစည်းကမ်းများ နေရာတိုင်းမှာ ရှိသည်။ ပန်းကန်ဆေးတာအစ ပန်းကန်စီတာအဆုံး ရေခြောက်အောင်သုတ်သည်အထိ ruru တွေရှိသည်။ အဲသည် ruru ဆိုတာကြီးကို သေချာမလိုက်နာနိုင်ဘူးဆိုလျှင် ပြင်းပြင်းထန်ထန်အပြောခံရမည်ဖြစ်ပါသည်။ ဥပမာပြောရမည်ဆိုပါလျှင် သည်နေရာမှာထားသည့်ပစ္စည်းက ဘယ်လို အကြောင်းကြောင့်ပဲဖြစ်ဖြစ် အသုံးပြုပြီးပြီဆိုလျှင် သည်နေရာမှာရှိကိုရှိနေရမည်။ ကိုယ့်သဘောနှင့် ကိုယ်တခြားနေရာမှာ ရွှေ့ထားခွင့်မရှိ။ နေရာတိုင်းမှာ ruru တွေရှိသည်။

အတိအကျလိုက်နာနိုင်ရန် ကိုယ့်ဘက်ကကြိုးစားအားထုတ်ရမည်။ သင်ပြပေးသည့်ခနမှာ ရေးမှတ်သင့်တာရေးမှတ်ပြီး သေချာမှတ်သားထားရမည်။ တချို့ကိစ္စတွေဆိုလျှင် ကကြီးကအအဆုံးသင်မပေး သူများတွေ ဘယ်လိုလုပ်သလဲဆိုတာကို ကိုယ့်မျက်စိက ရှင်ရှင်ထားပြီးလိုက်ကြည့်ထား၊ ပြီးရင် အတုယူပြီး လုပ်သင့်လျှင်လုပ်၊ မသိနားမလည်ဘူးဆိုလျှင် ချက်ချင်းမေး၊ မှားချင်လျှင် အစမ်းခန့်ကာလမှာ ကြိုက်သလောက်မှား ခွင့်လွှတ်သည်။ အစမ်းခန့်ကာလကျော်သွားချိန်မှာမှ မှားသည်ဆိုလျှင်တော့ ဘာလို့ အဲသည်အချိန်တုန်းက မသိခဲ့တာလည်း မသင်ယူခဲ့တာလည်းဆိုပြီး အပြစ်ပြောချင်သည်။သည်မှာမှ တစ်ခုပြောချင်တာကတော့ Sooji (သန့်ရှင်းရေး) ဆိုသည့်အလုပ်ပဲ ဖြစ်ပါသည်။ သူကတော့ ဘယ်အလုပ်မှာပဲဖြစ်ဖြစ် မယူမနေရမသင်မနေရဘာသာတွဲထဲမှာ အမြဲပါပါသည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်လူမျိုးတွေသည် နေရာတိုင်းမှာ သန့်ရှင်းရေးကို အလေးအနက်ထားသောကြောင့်ဖြစ်ပါသည်။ နောက်တစ်ခုကတော့ ကျွန်မသုံးသုံးနေသည့် ပင်ပန်းဆင်းရဲသည်ဆိုသည့်စကားလုံး။ မှန်ရာကိုဆိုခြင်းသာ ဖြစ်ပါသည်။ ဂျပန်က အလုပ်တွေမှာ ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်းခြင်း။ ကိုယ်၏ဆင်းရဲခြင်း (အိပ်ချင်ပါလျက်နှင့်မအိပ်ရ၊ နေ့မအိပ်ညမအိပ် ပင်ပန်းကြီးစွာနှင့်အလုပ်လုပ်ရခြင်းကို ဆိုလိုပါသည်။) စိတ်၏ဖိစီးဆင်းရဲခြင်းတို့သည် နေရာတိုင်းမှာ တစ်ခု မဟုတ် တစ်ခုသို့မဟုတ်လျှင် အားလုံးနှင့်ပြည့်စုံနေသောကြောင့်ဖြစ်ပါသည်။) တစ်ခါတစ်ခါ အခုမှဝင်လာသည့်အသစ်ဆိုလျှင် အမိန့်ပေးသလိုလိုနှင့်ကြီးနိုင်ငယ်ညှဉ်းဆိုသလို တမင်သိသိကြီးနှင့် နှိပ်စက်ပြီးခိုင်းတာမျိုးလည်း ကြုံရတတ်ပါသေးသည်။ ဒါကတော့ ကိုယ်ကိုယ်တိုင်ကြုံခဲ့ရသောကြောင့်ဖြစ်ပါသည်။ သည်တော့ ကျွန်မတို့ရောက်လာကြသည်က ပညာသင်ကျောင်းသားဆိုသည့်ခေါင်းစဉ်အောက်မှာပါ။ တကယ့်လက်တွေ့ဘဝတွေမှာတော့ ပညာမသင်နိုင်ကြသည့်ကျောင်းသားများ ဒုနှင့်ဒေးနှင့်ရှိနေကြပါသည်။

ကျောင်းခန်းထဲတွင် ရှိနေကြပါလျက်နှင့် ပညာမသင်နိုင်ကြသည့်ကျောင်းသားများ၊ ပညာသင်ကျောင်းသားဆိုသည့်ခေါင်းစဉ်တစ်ခုအောက်မှာ တကယ်တမ်းတော့ အချိန်ပိုင်းအလုပ်သမားဘဝနှင့်အသက်ရှင်သန်နေရသည့်ကျောင်းသားများ။ နားဆင်ကြည့်ပါ သည်အသံများကိုကြားရပါလိမ့်မည်။ စာသင်ဖို့အသာထား ..လောလောဆယ် ဂျပန်လာဖို့ချေးလာရတဲ့ပိုက်ဆံအတွက် အတိုးသတ်ဖို့တွေရော အကြွေးတွေ လှမ်းတောင်း



CamScanner

နေကြပြီ အလုပ်က တစ်ခုထဲ လုပ်လို့မလောက် ဘူးနှစ်ခုလုပ်မှရမယ်၊သုံးခုလောက်လုပ်မှရမယ်။ အလုပ်ထဲမှာ အဆင်မပြေဘူး။ စိတ်ညစ်လိုက် တာ။ စာကျက်လို့မရဘူး။ ညက ရှင်းယ (ညဆိုင်း အလုပ်) လုပ်ထားပြီး ကျောင်းကို တခါတည်း တန်းလာရတာ အခုထိမအိပ်ရသေးတော့ ဆရာမ စာသင်ချိန်မှာ အိပ်ပျော်သွားတယ်။ ဘာတွေ သင်လိုက်မှန်းကို မသိတော့ပါဘူး။ ကျောင်းစာက အရေးမကြီးဘူး လောလောဆယ် ပိုက်ဆံက အရေးကြီးနေတယ်။ အိမ်ကလည်း ဖုန်း တဂွမ် ဂွမ်ဆက်ပြီးမေးနေပြီ ဘယ်တော့ပိုက်ဆံပို့မှာလဲ တဲ့၊ ဒါပါပဲ သည်လိုဘဝတွေထဲမှာ ကျွန်မတို့ ဘာလုပ်ကြမည်နည်း။

ကျွန်မကရော ကျွန်မတို့တုန်းက ယခုလို အလုပ်ချိန်များ မတင်းကျပ်သေးသည့်ကာလ တစ်ချို့ကို မှီခဲ့သေးသောကြောင့် တစ်ပတ်မှာ လေးရက်က မနက် ၉ နာရီ ကျောင်းသွား တစ်နာ ရီမှာကျောင်းဆင်းလျှင် ၂ နာရီအလုပ်အမှီပြေး၊ ညဆယ့်တစ်နာရီအထိ နားချိန်တစ်နာရီ နတ်၊ ၈နာရီကြာ အလုပ်လုပ် အိမ်ကို ညဆယ့်နှစ် နာရီခွဲတစ်နာရီခွဲလောက်မှပြန်ရောက် နေ့လည် စာနှင့်ညစာထမင်းကို ပေါင်းစားပြီး ည ၂ နာရီ လောက်မှာအိပ် မနက် ၇ နာရီလောက်မှာ အိပ် ယာကထ ၉ နာရီကျောင်းသွား၊ တစ်ပတ်မှာ နှစ် ရက်က ည ၁၀ နာရီကနေ မနက် ၇ နာရီအထိ ညလုံးပေါက် အလုပ်လုပ် နောက်တစ်နေ့မနက် ကိုးနာရီမှာ ကျောင်းသွား၊ တစ်ပတ်တစ်ရက်နှင့် နေ့တစ်ဝက်ကို လူလူသူသူနား စာရေးစာဖတ် လုပ်၊ သွားချင်သည့်နေရာလေးများကို သွားရ သည်။

သည်ရက်ကလေး ထွက်လာဖို့အရေး အလုပ် ချိန်ကို မရရအောင် ညှိယူထားရသည်။ထို့ကြောင့် ရှင်းယကို တနေ့က ညရှင်းယ၊ မနေ့က ညလည်း ရှင်းယ နှစ်ရက် ဆက်တိုက်မအိပ်ဘဲ အလုပ် လုပ်ပြီး မနက်၇နာရီအလုပ်ပြီး အဆောင်ပြန် ၉

**ဂျပန်ရောက်ပြီဆိုတာနှင့်အားလုံး အဆင်ပြေသွားလိမ့်မည်ဟု ပေါ့ပေါ့ ပါးပါးမတွေးထားပါနှင့်။ ကိုယ့်ကိုယ်ကို သေချာပြန်လည်ဝေဖန်ဆန်းစစ်ပြီး အထပ်ထပ်အခါခါ စဉ်းစားဆုံးဖြတ်ပြီးမှ လာကြစေလိုပါသည်။**

နာရီအရောက် ကျောင်းကိုအ သည်းအသန်ပြေး ၁၂ နာရီ ၄၀ မှာကျောင်းဆင်းတော့ ၂ နာရီ အလုပ်ကို မှီအောင် သေကောင်ပေါင်းလဲပြေး ပြီးတော့ ညဆယ့်တစ်နာရီအထိ အလုပ်လုပ် ပြန်လာတဲ့ည ကျွန်မကိုယ်ကျွန်မ မနက်ဖြန်ဆို တာတောင် မြင်ရပါ့မလားဟု ထင်မိရလောက် အောင်ကို သေလုအောင်ပင်ပန်းသည့်ဒဏ်ကို ခံစားရသည်။ တခါတခါ သေကောင်ပေါင်းလဲ ပင်ပန်းရသည့်အထဲမှာမှ အလုပ်ထဲမှာ အဆင် မပြေလို့ စကားများ ရန်ဖြစ်ပြီး ပြန်ရသည့်နေ့ ရက်များလည်း ကြုံရတတ်ပါသေးသည်။

ဘာကြောင့် သည်လောက်အထိ အလုပ် လုပ်ရပါသလဲ။ ဂျပန်မှာ သုံးရမည့်နေစားရိတ်၊ စားစရိတ်၊ ကျောင်းလခ ငွေနှင့်သည်ကြားထဲ အိမ်ကို ပြန်ပို့ပေးနိုင်ရေးအတွက် သည်လိုအလုပ်မလုပ် လျှင် မလောက်ငနိုင်။ ကိုယ့်အတွက်ချည်းပဲလုပ် နေပြီး မိဘတွေကို ပစ်ထားလို့ကလည်း မဖြစ်။ သည်တော့ ကျွန်မပြောခဲ့သလိုပါပဲ။ သည်လို ဘ ဝမျိုးက အမြန်ဆုံးလွတ်မြောက်နိုင်ဖို့ ငါပညာ တတ်မှဖြစ်မည်။ ပညာကို ကြိုးစားသင်ယူရမည်။ ငါ့မှာ လုပ်စရာတွေအများကြီး ရှိသေးသည်။ သည်တော့ ငါပညာကို မရရအောင် ကြိုးစားသင် ယူရမည်။ သည်တော့ ဘယ်အချိန်မျိုးတွေမှာ စာကျက်ရမည်နည်း။ ကျောင်းစာသင်ခန်းတွေ ထဲမှာ ဆရာစာသင်ပေးနေချိန်တွေမှာ စာသင်ချိန်



CS CamScanner

တစ်ချိန်နှင့်တစ်ချိန်ကြား ခဏနားနေချိန်တွေမှာ၊ ရထားစောင့်နေချိန်တွေမှာ၊ရထားစီးနေချိန်မှာ မနက်အိပ်ယာနိုးလို့ကျောင်းသွားဖို့ပြင်ဆင်နေချိန်တွေမှာ စာအုပ်ကို လှန်ထားပြီးဖတ်ရင်း၊မှတ်ရင်း အိတ်ထဲမှာ ကျောင်းစာအုပ်တစ်အုပ်ကို အမြဲ ထည့်ထားပြီး အချိန်ရတာနှင့်စာအုပ်ကို ကောက် ကိုင်ရသမျှအချိန်လေးမှာ ခေါင်းထဲတစ်လုံး ဝင်ဝင် နှစ်လုံးဝင်ဝင် ကြည့်ဖတ်။ ဒါကတော့ ပညာသင် ကျောင်းသားတစ်ယောက်၏စာဖတ်ချိန်တွေပါ။ တခါတခါအလုပ်လုပ်နေရင်းနှင့် ကျွန်မ တွေးပါ သည်။ အချိန်တွေကို ငါနမျောလိုက်တာ။ သည် လိုအချိန်မျိုးမှာသာ သည်လိုအလုပ်တွေကို လုပ် နေရမယ့်အစား ငါစာသာကျက်လိုက်ရရင်တော့။ သို့သော် ကြုံရသည့်ဘဝမှာ ကိုယ့်ကိုကိုယ် ဖြေ သိမ့်ရင်းအကောင်းဆုံးနည်းလမ်းကို ရှာဖွေ၍ ရှင်သန်သွားရုံမှတပါး အခြားမရှိပါ။

ကိုယ်တတ်နိုင်သည့်ဘက်ကလေးမှ လောကကိုအလှဆင်နိုင်အောင်ကြိုးစားသွားရုံသာရှိ



ပါသည်။ ဥပမာတစ်ခုပေးရမည်ဆိုပါလျှင် တစ်စုံ တစ်ဦးကို ကယ်တင်ဖို့ရန်အတွက် ဝေးလံသည့် ခရီးတစ်နေရာသို့ထွက်ခွာရတော့မည့်ခရီးသည် တစ်ဦးဆိုပါတော့။ သူဝန်တုပ်ဝန်ပိုးများကို သယ် ဆောင်သွားရမည်။ စားနပ်ရိက္ခာ၊ အဝတ်အထည်၊ လမ်းခရီးအတွက် လိုအပ်သည်များကို လုံလောက် အောင် တပါတည်းမသယ်သွား၍ မဖြစ်သောကြောင့် သူ သယ်ဆောင်သွားရမည် ဖြစ်သည်။ သည်တော့ သူဘာဖြစ်သနည်း။ ဝန်ပိပါသည်။ ခရီးမဆုံးခင် အထိ တစ်တောင်တက်တစ်တောင်ဆင်းလေး လံသောဝန်ကို ထမ်း၍ သူ မသွားမဖြစ်သွား ရပါလိမ့်မည်။ ခရီးလမ်းအဆုံးမှာ သူ့ကို ကြိုလင့် နေမည့်သူများအတွက် သူလမ်းတစ်ဝက်မှာ အား လျော့၍မဖြစ်ပါ။ သူကြမ်းတမ်းသောလမ်းကို ဖြတ် ၍ သွားသင့်ရင်လည်း သွားရပါလိမ့်မည်။သေချာ တာကတော့ သူ ဒီခရီးကို အဆုံးထိ ရောက် အောင်သွားကို သွားရပါလိမ့်မည်။ ဒါကတော့ ကျွန်မကိုယ်အဖြစ်နှင့်ယှဉ်၍ တကယ့်လက်တွေ့ ဘဝအမှန်တစ်ခုကိုပါ အကောင်းဆုံး ဥပမာ ပေးပြီး ပြောရခြင်းဖြစ်ပါသည်။

သည်တော့ ဂျပန်မလာမီ သေချာစဉ်းစား ကြစေလိုပါသည်။ ဘာအတွက် လာမည်လဲ။ ပညာသင်မည်ဆိုသည့်ရည်မှန်းချက်မျိုးနှင့်လာ ခဲ့ပါ။ ဘယ်လိုလာမည်လဲ။ တတ်နိုင်သမျှ အတိုး တွေနှင့်ပိုက်ဆံများများချေးငှားပြီးမလာမိပါစေ နှင့်။ ဝန်ပိရုံတင်မက ဒဏ်ပါ ပိသွားပါလိမ့်မည်။

ယခုကျွန်မ ရေးပြလားသောအလုပ်များကို စိတ်ရောကိုယ်ပါခံနိုင်ရည်ရှိစွာ လုပ်နိုင်မည်လား ဆိုတာ ကိုလည်းကိုယ့်ကိုကိုယ် ပြန်မေးပါ။ ဂျပန် ရောက်ပြီဆိုတာနှင့်အားလုံးအဆင်ပြေသွားလိမ့် မည်ဟု ပေါ့ပေါ့ပါးပါးမတွေးထားပါနှင့်။ ကိုယ့်ကိုယ် ကို သေချာပြန်လည်ဝေဖန်ဆန်းစစ်ပြီး အထပ်ထပ် အခါခါ စဉ်းစားဆုံးဖြတ်ပြီးမှ လာကြစေလိုပါ သည်။ သို့မှသာ နင်လားဟဲ့ ဂျပန်ဆိုပြီး နင်လား ငါလား အနိုင်တိုက်နိုင်မှာဖြစ်ပါကြောင်းရေးသား လိုက်ရပါသည်။



CamScanner